# ဂျပန်နိုင်ငံတွင်ပညာသင်ကြားခြင်း Q&A

**Q** ဂျပန်နိုင်ငံပြင်ပကနေ ဂျပန်တက္ကသိုလ် ဝင်ခွင့်လျှောက်မယ်ဆိုရင် ဘယ်လိုပြင်ဆင်ရမလဲ။

**A** ပုံမှန်အားဖြင့် အောက်ပါအတိုင်း စီစဉ်ရပါမယ်။ တက္ကသိုလ်မဝင်ခင် ဂျပန်နိုင်ငံကို လာရောက်ပြီး ဂျပန်စာ သင်တန်းကျောင်းမှာ ဂျပန်ဘာသာစကားကို လေ့လာပြီးမှ ကျောင်းဆက်တက်မယ့် ကျောင်းသားများလည်း ရှိပါတယ်။

## 1 အစီအစဉ်ရေးဆွဲခြင်းနှင့် အချက်အလက်စုဆောင်းခြင်း (၁၂လ ကြိုတင်၍)

- [ ] အချက်အလက်စုဆောင်းခြင်း၊ လိုအပ်သောဘာသာရပ် ကျွမ်းကျင်မှုအား စုံစမ်းမေးမြန်းခြင်း
- [ ] ပညာသင်ကြားမှု ကုန်ကျစရိတ်အား စုံစမ်းမေးမြန်းခြင်း

↓

## 2 ကျောင်းရွေးချယ်ခြင်း (၆လ – ၁၂လ ကြိုတင်၍)

- [ ] ကျောင်းလမ်းညွှန်ချက်၊ ကျောင်းလျှောက်ရန်လိုအပ်ချက်၊ ကျောင်းလျှောက်ရန် အရည်အချင်းများအား စုံစမ်းမေးမြန်းခြင်း
- [ ] ကျောင်းတစ်ခုချင်းစီအား နှိုင်းယှဉ်ပြီး၊ မိမိရွေးချယ်လိုသောကျောင်းကို ရွေးထုတ်ခြင်း

↓

## 3 တက္ကသိုလ်ဝင်ခွင့် အမျိုးသားစံ စာမေးပွဲများဖြေဆိုခြင်း (၉လ ကြိုတင်၍)

- [ ] Examination for Japanese University Admission for International Students (EJU)
  Japanese Language Proficiency Test (JLPT)
  TOEFL , IELTS,TOEIC

↓

## 4 ကျောင်းလျှောက်ခြင်း (၉လ – ၆လ ကြိုတင်၍)

- [ ] လျှောက်လွှာစာရွက်စာတမ်းများပြင်ဆင်ခြင်း
- [ ] စာမေးပွဲကြေးပေးသွင်းခြင်း

↓

## 5 ကျောင်း၏ကိုယ်ပိုင်ဝင်ခွင့် စာမေးပွဲဖြေဆိုခြင်း (၅လ – ၂လ ကြိုတင်၍)

အင်တာဗျူးဖြေခြင်း
ပညာရေးအရည်အချင်းစစ်ဆေးခြင်း

↓

## 6 ကျောင်းဝင်ခွင့် လုပ်ထုံးလုပ်နည်း (၃လ – ၂လ ကြိုတင်၍)

- [ ] ကျောင်းဂင်ခွင့်အကြောင်းကြားစာကိုလက်ခံရရှိခြင်း
- [ ] ကျောင်းဂင်ကြေးပေးသွင်းခြင်း

↓

## 7 ပညာသင်သွားရောက်ရန် ပြင်ဆင်ခြင်း (၂လ – ၁လ ကြိုတင်၍)

- [ ] ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်း
- [ ] လေယာဉ်လက်မှတ်လျှောက်ထားခြင်း
- [ ] နေရာထိုင်ခင်းရှာဖွေခြင်း၊ အာမခံလျှောက်ထားခြင်း

↓

## 8 ကျောင်းဂင်ခွင့်လုပ်ထုံးလုပ်နည်း

- [ ] ဂျပန်နိုင်ငံသို့ထွက်ခွာခြင်း
- [ ] ကျောင်းဂင်ခွင့်လုပ်ထုံးလုပ်နည်းစာရွက်စာတမ်းများကိုပေးပို့ခြင်း

**Q** တက္ကသိုလ် နှင့် ဘွဲ့လွန်တက္ကသိုလ်ရဲ့ဝင်ခွင့်ကို ဘယ်အချိန်ကနေ စလျှောက်နိုင်သလဲ။

**A** ဝင်ခွင့်လျှောက်နိုင်သည့်အချိန်သည် တက္ကသိုလ်တစ်ခုနှင့်တစ်ခု မတူပါဘူး။ အသေးစိတ်သိရှိလိုပါက တက္ကသိုလ်အသီးသီးမှ ထုတ်ဝေတဲ့ဝင်ခွင့်ဆိုင်ရာအချက်အလက်များကို လေ့လာပါ။ JASSO နှင့် JAPAN STUDY SUPPORT ရဲ့ဝက်ဆိုက်တွေမှာလည်း ဝင်ခွင့်ခေါ်တဲ့အချိန်ကို ရှာဖွေလေ့လာနိုင်ပါတယ်။

**Q** ဝင်ခွင့်လျှောက်တဲ့အခါ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဘယ်လိုစုံစမ်းသိရှိနိုင်မလဲ။

**A** များသောအားဖြင့် ကျောင်းများသည် ဝင်ခွင့်ဆိုင်ရာ အချက်အလက်များနဲ့ ဝင်ခွင့်လျှောက်လွှာကို ဝက်ဆိုက်မှာ တင်ပေးထားပါတယ်။
"外国人留学生募集要項"
(နိုင်ငံခြားကျောင်းသားများအတွက် ဝင်ခွင့်ဆိုင်ရာအချက်အလက်များ)၊
"入学案内" (ကျောင်းဝင်ခွင့်လမ်းညွှန်) "受験案内"
(ဝင်ခွင့်စာမေးပွဲလမ်းညွှန်) ဟူသော စကားလုံးများနှင့် ရှာကြည့်ပါ။ ကျောင်းရဲ့ ဝက်ဆိုက်မှာ ဝင်ခွင့်ဆိုင်ရာအချက်အလက်များ ဖော်ပြထားခြင်းမရှိရင် ကျောင်းကို ဆက်သွယ်ပြီး ဝင်ခွင့်လျှောက်လွှာ စသည်များကို ပို့ပေးပါရန် တောင်းဆိုရပါမယ်။

**Q** ဝင်ခွင့်လျှောက်လွှာသည် တက္ကသိုလ်အားလုံး ပုံစံတူပါသလား။

**A** ကျောင်းအလိုက်ပုံစံမတူသောကြောင့် မိမိတက်ချင်တဲ့ ကျောင်းရဲ့ ဝင်ခွင့်လျှောက်လွှာရအောင် စီစဉ်ရပါမယ်။

**Q** (1)ဂျပန်နိုင်ငံရဲ့မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းမှာ နှစ်အနည်းငယ် ကျောင်းတက်ဖူးတယ်။
(2)ဂျပန်အထက်တန်းကျောင်းမှအောင်တယ်။
(3)ဂျပန်နိုင်ငံနဲ့ အခြားနိုင်ငံသား နှစ်ခုကို ခံယူထားတယ်။
အထက်ပါအခြေအနေရှိသူသည် နိုင်ငံခြားသားဝင်ခွင့်စာမေးပွဲ ဖြေဆိုဖို့ လျှောက်ထားနိုင်သလား။

**A** ဝင်ခွင့်လျှောက်လို့ ရ မရ ကို ကျောင်းကစီစစ်ပါတယ်။ ဝင်ခွင့်မလျှောက်ခင် ကျောင်းကိုဆက်သွယ်ပြီး လျှောက်လို့ ရ မရ ကို မေးမြန်းပါ။ တချို့ကျောင်းမှာ ဂျပန်ကျောင်းသားနဲ့တန်းတူ ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရပါလိမ့်မယ်။

**Q** မသန်စွမ်းသူတစ်ယောက်ပါ။ ဝင်ခွင့်စာမေးပွဲ ဖြေဆိုတဲ့အခါနဲ့ ကျောင်းတက်ခွင့်ရပြီးနောက်ပိုင်း ကျောင်းဘက်ကနေ အထူးဂရုစိုက်စီစဉ်ပေးသလား။

**A** မသန်စွမ်းဖြစ်တဲ့ နိုင်ငံခြားကျောင်းသားများလည်း ကျောင်းရဲ့ အကူအညီနဲ့ ဂျပန်နိုင်ငံမှာ စာသင်ကြားနေပါတယ်။ ရောဂါနှင့် ခန္ဓာကိုယ်မသန်စွမ်းဖြစ်လို့ ဝင်ခွင့်စာမေးပွဲဖြေတဲ့အခါ နှင့် ကျောင်းတက်ခွင့်ရပြီးနောက်ပိုင်း အကူအညီ လိုအပ်ပါက ဝင်ခွင့်မလျှောက်ခင်မှာ ကျောင်းနဲ့ တိုင်ပင် ဆွေးနွေးပါ။



**Q** ဝင်ခွင့်စာမေးပွဲကို ဖြေဆိုဖို့ ဂျပန်နိုင်ငံကို လာပြီးဖြေဆိုရသလား။

**A** ဂျပန်နိုင်ငံမှာဘဲ ဝင်ခွင့်စာမေးပွဲကျင်းပတဲ့ ကျောင်းကများပေမဲ့ ကျောင်းပေါ်မှာမူတည်ပြီး စာရွက်စာတမ်းကိုဘဲ စိစစ်ပြီး ဝင်ခွင့်အောင်၊ မအောင် ဆုံးဖြတ်ခြင်းများရှိသလို အင်တာနက်မှာ အင်တာဗျူးခြင်း၊ ဝင်ခွင့်လျှောက်ထားသူ၏ နိုင်ငံတွင်ဝင်ခွင့်စားမေးပွဲ ကျင်းပခြင်းများလည်း ရှိပါသည်။

**Q** အင်္ဂလိပ်ဘာသာစကားနဲ့ပဲ သင်ယူပြီး ဘွဲ့ရနိုင်တဲ့ အစီအစဉ်များ ရှိသလား။

**A** ရှိပါတယ်။ ဒီလိုမျိုး အစီအစဉ်များ တစ်နှစ်ထက် တစ်နှစ် များပြားလာပါတယ်။ ဒါပေမဲ့ နည်းပညာကောလိပ်၊ ကောလိပ် နဲ့ အသက်မွေးပညာသင်ကျောင်းမှာ အင်္ဂလိပ်ဘာသာစကားနဲ့ပဲ ပို့ချတဲ့သင်တန်းမရှိပါ။

**Q** တက္ကသိုလ်နဲ့ အသက်မွေးဝမ်းကျောင်းမှာ ကျောင်းစာ သဘောပေါက်၊ စာလိုက်နိုင်ဖို့ ဂျပန်ဘာသာစကား ဘယ်လောက်အထိ တတ်ဖို့ လိုသလဲ။

**A** ကျောင်းစာလိုက်နိုင်ဖို့ EJU ရဲ့ဂျပန်စာအမှတ် ၂၀၀ ကျော် သို့မဟုတ် ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲ (JLPT) ရဲ့N1 သို့မဟုတ် N2 အဆင့်အထိတတ်ဖို့ လိုပါလိမ့်မယ်။ ဒီအဆင့်မမီရင် မိမိနိုင်ငံမှာ ဂျပန်စာ လေ့လာသင့်ပါတယ်။ သို့မဟုတ် ဂျပန်နိုင်ငံမှာရှိတဲ့ ဂျပန်ဘာသာစကားသင်တန်းကျောင်းမှာ ဂျပန်စာကို လေ့လာသင့်ပါတယ်။

**Q** ဝင်ခွင့်လျှောက်တဲ့အခါ “ကိုယ်ရေးအာမခံသူ” လိုအပ်တယ်လို့ကြားပါတယ်။ ဘာကြောင့်လိုအပ်သလဲ။

**A** အာမခံပေးသူ လိုအပ်တဲ့အကြောင်းအရင်းသည် ကျောင်းစရိတ် ပေးသွင်းခြင်းအတွက် အာမခံပေးရန်နှင့် ဝင်ခွင့်ရပြီးနောက်ပိုင်း နေထိုင်ခွင့်လျှောက်တဲ့အခါ အဆင်ပြေစေရန် စသည့် အကြောင်းများကြောင့် ဖြစ်ပါသည်။ ထို့အပြင် ဂျပန်နိုင်ငံတွင် စာသင်ယူနေသည့်ကာလတွင် ရောဂါဖြစ်ခဲ့လျှင် ထိခိုက်ဒဏ်ရာရခဲ့လျှင် မိမိနိုင်ငံတွင်နေထိုင်နေသည့် မိသားစု၊ ဆက်သွယ်ရမည့်သူကိုလည်း ကြိုတင်သတ်မှတ်ထားဖို့ လိုအပ်ပါသည်။

## JASSO ရဲ့ဝက်ဆိုက်မှာ အောက်ပါအချက်အလက်များ ဖော်ပြပေးထားပါသည်။

- နိုင်ငံခြားသား ဝင်ခွင့်စာမေးပွဲ ရှိမရှိ
- အွန်လိုင်းတွင် ဝင်ခွင့် လျှောက်ထားခွင့် ရှိမရှိ
- ဂျပန်နိုင်ငံသို့ မရောက်မီ ကြိုတင်ဝင်ခွင့်ပြုတဲ့စနစ် ရှိမရှိ
- ဝင်ခွင့်လျှောက်လွှာ တင်သွင်းကာလ
- အင်္ဂလိပ်ဘာသာဖြင့် သင်ယူ၍ ဘွဲ့ရနိုင်သည့် အစီအစဉ်များ
- ဝင်ခွင့် လျှောက်နိုင်ရန် လိုအပ်သည့် ဂျပန်ဘာသာနှင့် အင်္ဂလိပ်ဘာသာ အရည်အချင်း
- ဝင်ခွင့်လျှောက်နိုင်ရန် လိုအပ်သည့် EJU ရဲ့အမှတ်များ
- ကျောင်းပြောင်းတက်ခွင့်ပေးသည့် သင်တန်းများ
- နိုင်ငံခြားသို့ ကာလတို ပညာတော်သင် စေလွှတ်သည့် အစီအစဉ်များ

http://www.jasso.go.jp/en/study_j/index.html



